# ရှိုဆမ္မတီးရဲ့ ဝိညာဉ်

အရှင်ဉာဏိကာဘိဝံသ
(ကာလီဖိုးနီးယားတက္ကသိုလ်)





ရှိုဆမ္မတီဆိုတဲ့ နာမည်ကို ကြားဖူးပါသလား၊ ကြားဖူးတယ်ဆိုရင် သင်ကံကောင်းသူ။ အဲဒီကိုရော ရောက်ဖူးလား။ ရောက်ဖူးတယ်ဆိုရင် သင်ပိုကံကောင်းသွားပြီ။ နှစ်ခေါက်၊ ဒါမှမဟုတ်သုံးခေါက်၊လေးခေါက်၊ ဒီထက်မက ရောက်ဖူးသူလား။ အဲဒီလိုဆို သင်ဟာအလွန့်အလွန်ကိုမှ ကံကောင်းသူဖြစ်သွားပြီပေါ့။ ဒီစကားကို ကိုယ့်အတွေ့အကြုံအရပြောတာပါ။ ကိုယ်လား။ ကိုယ်က (အခြားနေရာတွေမှာ ကံကောင်းသူတစ်ယောက်မဟုတ်ပေမယ့်) ရှိုဆမ္မတီကို သုံးခေါက်တောင်ရောက်ဖူးသူမို့ ဒီနေရာမှာတော့ အလွန့်အလွန် ကံကောင်းတဲ့သူထဲမှာ ပါတာပေါ့။

ရှိုဆမ္မတီကို ကိုယ်ပထမရောက်တော့ နွေလ။ ကျောင်းတွေပိတ်ချိန်။ ခရီးသွားသူတွေလည်း များချိန်။ အပျော်ခရီးထွက်သူ၊ အပန်းဖြေ အနားယူထွက်သူတွေက များမှများ။ ဒီလို အကြောင်းပေါင်းစုံချိန်ဆိုတော့ ရှိုဆမ္မတီဥယျာဉ်တစ်ခုလုံးက လူတွေနဲ့ ကြိတ်ကြိတ်တိုးလို့။ ကိုယ့်မွေးရပ်မြေဒေသက ကြက်ပျံမကျ စည်ကားလွန်းတဲ့ ဘုရားပွဲကြီးတစ်ပွဲလို။ တောထဲမှာပဲ ရုပ်ရှင်ရုံတွေ၊ ကလေးလူကြီး ကစားစရာတွေက အစုံအလင်။ အစုစုအဖွဲ့ဖွဲ့။ သစ်ပင်သစ်တောတွေကြားမှာလည်း ရောင်စုံရွက်ဖျင်တဲတွေနဲ့ ပြည့်လို့။ ဘယ်မှာလဲတော။ တောရသကို ခံစားကြည့်ရှုချင်လို့ အရောက်သွားခဲ့တဲ့ ကိုယ့်ရဲ့အကြိုက်နဲ့က တခြားစီ။ ကိုယ်မျှော်လင့်ထားခဲ့တဲ့ ရှိုဆမ္မတီအိပ်မက်ပျက်လုပျက်ပြယ်။ စမ်းရေက နည်းနည်း။ ရေတံခွန်က ကျဲကျဲ။လူတွေ ကားတွေ သဲသဲလှုပ်နေတဲ့ကြားမှာ ဘယ်မှာလာ လွမ်းဖွယ်တော ဖြစ်နိုင်ပါတော့မလဲ။ နောက်တစ်ခေါက်ရောက်ဖြစ်ဖို့ စိတ်အားမသန်ခဲ့တော့။ ဒီတော့လည်း ဆယ်စုနှစ်တစ်ခုမျှ ရှိုဆမ္မတီကို သွားဖို့မစဉ်းစားခဲ့မိဘူး။

မနှစ်ကတော့ တစ်ခေါက်ရောက်ဖြစ်တယ်။ မရောက်ဖူးသေးသူတွေကို လိုက်ပို့ရာမှာ အဖော်သဘောမျှ သက်သက်။ ကိုယ်ဒုတိယအကြိမ်ရောက်တော့ နွေဦး။ရာသီလေးက ထူးခြားလှပချိန်ဖြစ်ပေမယ့် ရှိုဆမ္မတီးရဲ့ ကျောက်စိုင် ကြီးကြီးတွေနဲ့ တွဲလို့မြင်ရတတ်တဲ့ ဖြူလွလွ စနိုးပွင့်တို့ရဲ့အလှကို တွေ့မြင်ခွင့် မရနိုင်ခဲ့တော့။ တောအင်္ဂါ မစုံတော့။ ဒီတော့လည်း ရှိုဆမ္မတီးအလှက တစ်ခုခုလစ်ဟာနေသလို။ ဒါပေမယ့် ပထမအခေါက် ရောက်စဉ်ကလို လူတွေကြိတ်ကြိတ်တိုးဖြစ်မနေတာရယ်၊ အေးလျလျ နွေဦးရာသီနဲ့ စိမ်းမြမြတောတောင်အလှတွေက နောက်တစ်ခေါက် သူ့ဆီကိုအရောက်လာဖို့ ဖမ်းစားနိုင်ခဲ့တယ်။ ဒါကြောင့် တတိယအကြိမ်အဖြစ် တစ်နှစ်အတွင်းမှာပဲ နောက်တစ်ခေါက်ရောက်ဖြစ်ခဲ့တယ်။

ဒီတစ်ကြိမ်မှာလည်း နွေဦး။ ဒါပေမယ့် ရာသီရဲ့အပြောင်းအလဲကြောင့် ဆောင်းလက်ကျန် စနိုးပန်းတွေက ကိုယ် မရောက်မီရက်ပိုင်းအတွင်းကပဲ တောအစိတ်အပိုင်းများများကို ထူထူထဲထဲ ဖုံးကာသွားအောင် ဖြန့်ကြဲလို့ သွန်းခဲ့တယ်။ ကြည့်လေမြင်ရာ ဖြူလွလွ စနိုးတောင်တွေ၊ စနိုးပန်းတွေနဲ့ ဖွေးဖွေးဥလို့။ တောင်ထိပ်ဖျားတွေကလည်း စနိုးဦးထုပ်တွေ ဆောင်းလို့။ချွန်မြမြ ထင်းရှူးကိုင်းစတွေ



မှာလည်း စနိုးပွင့်တွေက ဆောင့်ကြောင့်ထိုင်လို့ တမျိုး၊ ယီးလေးခိုလို့ တသွယ်။ တကယ့်ကိုမှ လွမ်းမောတသ ရင်ခုံဖွယ်ရာ။ ခရစ်စမတ်လ တစ်လ အလား။ ဒါ ရှိဆမ္မတီရဲ့ ထူးကဲတဲ့ အလှရတနာတွေလေ။

အရင့်အရင် အကြိမ်များနဲ့မတူတဲ့ မြင်ကွင်းက မတူတဲ့အတွေး၊ ကွဲပြားတဲ့ခံစားမှုတွေနဲ့ လန်းဆန်းလတ်ဆတ်လို့။ ဒီတစ်ကြိမ်ရောက်တော့ ငယ်ငယ်ကဖတ်ခဲ့ဖူးတဲ့ ပုံပြင်လေးတစ်ခုကို သတိရမိတယ်။ နာမကျန်းဖြစ်နေတဲ့ ဖခင်ဘုရင်ကြီးက သူ့ရဲ့ထီးနန်းအရိုက်အရာကို ဆက်ခံမည့်သူကို ရွေးချယ်ဖို့ ဆုံးဖြတ်တယ်။ သူ့မှာက သားလေးယောက်တောင် ရှိတာ။ အစဉ်အလာအရဆိုလျှင်တော့ အကြီးဆုံးသားက ထီးနန်း အရိုက်အရာကို ဆက်ခံရမှာ။ ဒါပေမယ့် အပျော်အပါးကလွဲပြီးတိုင်း ပြည်ရေးရာ၊ အများအကျိုးသယ်ပိုးရာမှာ စိတ်မဝင်စားတဲ့ သားကြီးကို ထီးနန်းပေးလိုက်ရင် သူ့တိုင်းပြည် ချောက်ထဲပါမက အဝီစိအောက်ထိ တောင်ရောက်သွားနိုင်တယ်ဆိုတာကိုလည်း ဘုရင်ကြီးက သိထား တယ်လေ။



သား အလတ်ကြပြန်တော့ အရည်အချင်းကတော့ တော်ပါရဲ့။ ဒါပေမယ့် လည်း တပည့်ငယ်သားတွေကို ဆက် ဆံရာမှာ မောက်မာလွန်းတယ်။ နောက်ပြီးလည်း ဖခင်အရှိန်အဝါနဲ့ ထင်ရာစိုင်းတာတွေရှိတယ်။ တိုင်းသူပြည် သားအများစုရဲ့ မျက်မုန်းကျိုး၊ အော့ကြောလန်ဆိုတော့ သူ့ကို ထီးနန်းပေးဖို့လည်း စဉ်းစားရပြန်တယ်။ တတိယမြောက်သားကျပြန်တော့ လုံးဝအနုပညာသမားသက်သက်။ ရောမမြို့ကြီး မီးလောင်နေတာတောင် တယောထိုး မပျက်ဖူးလို့ ပြောကြတဲ့ နီရိုးဘုရင်လိုလူ။ တိုင်းပြည် အရေးက သူနဲ့ မဆိုင်သလိုနေတတ်တာ။ အရာရာမှာ ငြိမ်းချမ်းရေးကို ရှေ့တန်းတင်လွန်းသူ။ ဘုရင်တစ်ဦးမှာ မရှိမဖြစ်လိုအပ်တဲ့ ရဲရင့်ပြတ်သားမှုက သူ့ဆီမှာ မတွေ့ရဘူး။

အငယ်ဆုံးသားကတော့ ဖခင်ကြီးရဲ့ လုပ်ငန်းဆောင်တာတွေမှာလည်း ပါဝင်ကူညီတတ်တယ်။ တိုင်းသားပြည်သူတွေနဲ့လည်း သင့်တင့်ညီညွတ်မျှတစွာ နေတတ်တယ်။ နသင့်ရာမှာနသလောက် ကြမ်းသင့်ရာမှာလည်း ကြမ်းဝန့်သူ။ ဒါကြောင့် မှူးကြီးမတ်ရာများကြားမှာတော့ သူကရေပန်းမစားလှဘူး။ သူက မိဖုရားငယ်တစ်ပါးက မွေးဖွားတဲ့သားဖြစ်သလို ပြတ်သင့်ရာမှာပြတ်သားတဲ့ သူ့ရဲ့လုပ်ရပ်များကြောင့် ချော့စားညာပေါင်း စိတ်တော်သိဖောင်းတော်ညိတ် အမတ်တွေရဲ့ မျက်မုန်းကျိုးတာကိုတော့ အခံရဆုံးသူ။ ဘုရင်ကြီး နတ်ရွာလားဖို့ နီးလာလေလေ၊ တိုင်းပြည်တွင်းမှာလည်း ရှင်ဘုရင်အကြိုက်ကိုသာ လိုက်လုပ်တတ်တဲ့ အကျင့်ပျက်ဝန်ကြီး ဝန်ကလေး

တွေနဲ့သာ ပြည့်ပြည့်လာလေ။ ဒီတော့ အကျင့်ပျက်အချောင်စား သာပေါင်းညာစားတွေ များများလာတိုင်း သား တော်ငယ်အတွက် အမုန်းပွားသူ များလာလေပေါ့။

အကိုတွေနဲ့စာရင်ဖြင့် သားငယ်က ထီးနန်းနဲ့ထိုက်သူဖြစ်ပေမယ့် ပတ်ဝန်းကျင်အခြေအနေက သားတော်အငယ်ကို ထီးနန်းဆက်ခံစေဖို့ အခွင့်မသာစေသလို ဖြစ်နေတယ်လေ။ သူ့အမိန့်နဲ့ သားတော်ကို ထီးနန်းပေးမယ်ဆိုလျင်တော့ ဖြစ်နိုင်ပါရဲ့။ ဒါပေမယ့် အဲဒီလိုလုပ်မယ်ဆိုလျင် မျက်နှာလိုက်တယ်လို့ ထင်မှာကို သူမလိုလားဘူး။ နောက်ပြီးလည်း နောက်တက်လာတဲ့ ဘုရင်ဟာ ဖခင်ရဲ့မျက်နှာသာပေးမှုကြောင့် နန်းရခဲ့တာဆိုတာမျိုးကိုလည်း သားဘုရင်တစ်သက်တာမှာ ထင်ပါလို့ မသွားစေချင်ဘူး။ တဖက်မှာတော့လည်း အပတ်တကုတ် စည်းရုံးတည်ဆောက်ထားတဲ့ တိုင်းပြည်ကြီးကိုလည်း စဉ်းစားဆင်ခြင်ဉာဏ်မဲ့၊ အရည်အချင်းမရှိတဲ့သူတစ်ဦးဆီ ရောက်သွားမှာကို သူက မလိုလားဘူး။ ဒါကြောင့် သူ့ကိုလည်း မျက်နှာလိုက်တယ် အထင်မခံရအောင်၊ နောက်ပြီး သားတော်တွေထဲက ဘယ်သားတော်ရဲ့ အရည်အချင်းက ဘယ်လိုရှိတယ်ဆိုတာကိုလည်း သိရလေအောင် စုံစမ်းဖို့ အကြံတစ်ခုရတယ်။ ဒါကြောင့် သားတော်တွေကို သူ့နိုင်ငံအတွင်းမှာရှိတဲ့ သစ်ပင်တွေထဲက ပေါက်ပင်တစ်ပင် အကြောင်း စုံစမ်းပြီး တစ်နှစ်ပြည့်တဲ့အခါ သူ့ကိုပြန်လည် သံတော်ဦးတင်ရမယ်လို့ မိန့်လိုက်တယ်။

သားအကြီးဆုံးကတော့ နန်းတော်ထဲမှာသာ ပျော်ပါးသောက်စားပြီး မောင်းမမိဿံတွေနဲ့သာ နေချင်တာ။ ခမည်းတော်က ပေါက်ပင်တစ်ပင်ဆိုတာ ဘာလဲလို့ ပြန်သံတော်ဦးတင်ရမယ်ဆိုလို့သာ ဝတ်ကျေတန်းကျေ သွားခဲ့ရတာ။ ပေါက်ပင်ရှိရာကို ကိုယ်တိုင်သွားရမယ်ဆိုတော့လည်း တပည့်တပမ်းတွေနဲ့ ပျော်ပွဲစား သဘောမျိုးသွားတာမို့ ရာသီဥတုသာယာတဲ့ ဆောင်းနှောင်းအချိန်ကို ရွေးချယ်ပါတယ်။ ဆောင်းနှောင်းကာလဆိုတာက ပေါက်ပင်တစ်ပင်လုံး အရွက်ချချိန်လေ။ ဒီတော့လည်း အရွက်ကင်းလို့ အရိုးပြိုင်းပြိုင်းထနေတဲ့ မီးလောင်ထားတဲ့ သစ်ပင်အခြောက်တစ်ပင်လိုသာ ပေါက်ပင်ကို သူတွေ့ရတယ်ပေါ့။ ဒီတော့သူ့စိတ်ထဲမှာလည်း ပေါက်ပင်ဆိုတာ မီးလောင်ထားတဲ့ သစ်ခြောက်ပင်ကို ခေါ်တာလို့ပဲ မှတ်ထားလိုက်တယ်လေ။

သားလတ်ကတော့ သူများတွေထက်ထူးချင်တဲ့သူ။ နောက်ပြီး ဘယ်သူ့အကြံပြုတာမျိုးကိုလည်း နားမထောင်တတ်သူဆိုတော့ မိုးတွေရွာသွန်းတဲ့ အချိန်အခါမှာ ပေါက်ပင်လေ့လာဖို့ သွားပါတယ်။ မိုးတွင်းဆိုတော့ ပေါက်ပင်က အရွက်တွေဖားဖား စိမ်းစိမ်းလန်းလန်းနဲ့ပေါ့။ ဒီတော့သူကလည်း ပေါက်ပင်ဆိုတာ အရွက်ဖားဖား စိမ်းလန်းစိုပြည်တဲ့ အရိပ်ကောင်းသစ်ပင်မျိုးကို ခေါ်တာလို့ပဲ မှတ်ထားလိုက်ပါတယ်။ နို့ညှာသားကတော့ ထီးနန်းပေါ်တက် ရှင်ဘုရင်လုပ်ဖို့လည်း ဝါသနာ မရှိပါဘူး။ ဒါပေမယ့် ဖခင်ဘုရင်ကြီးရဲ့အမိန့်တော်နဲ့ဆိုတော့လည်း ရာသီဥတုသာယာကောင်းမွန်တဲ့ နွေဦးကာလကို ရွေးချယ်ပါတယ်။ နွေဦးဆိုတော့ တတောတတောင်လုံးမှာ မြူခိုးတွေက ဝေလို့၊ နံနက်ပိုင်းများမှာ ဆောင်းကြွင်းရာသီရဲ့ လက်စအဖြစ် ကိုင်းဖျားကိုင်းစလေးတွေနဲ့ မြက်ပင်ထိပ်ဖျားလေးတွေမှာ သီးနေတဲ့ နှင်းသီးပေါက်လေးတွေကသာ သူ့အတွက် ပိုအရေးကြီးတာပါ။ ဆောင်းနှောင်းကာလဆိုတာက "တပိုတွဲပေါက်လဲရယ်တဲ့ ငုံစီစီ"ဆိုသလို တစ်ပင်လုံး နီတာရဲအောင် ပွင့်တတ်တဲ့ ပေါက်ပင်တို့ရဲ့ အလှက ကမ္ဘာလာစနီရဲရဲတွေ တစ်ပင်လုံးကို လွှမ်းခြုံထားသည့်ဟန်ပ။ ဒီတော့ သူ့စိတ်ထဲမှာလည်း ပေါက်ပင်ဆိုတာ တစ်ပင်လုံး ပတ္တမြားရည်လိမ်းထားတဲ့ အပင်မျိုးပါလို့ပဲ မှတ်ထားလိုက်ပါတယ်။

သားငယ်ကတော့ အစစအရာရာမှာ စေ့စပ်သေချာသူ။ နောက်ပြီးတိုင်းရေးပြည်ရေးကိုလည်း စိတ်ဝင်စားသူဆိုတော့ ဖခင်ကြီးရဲ့ ပေါက်ပင်စုံစမ်းခိုင်းတဲ့ အစီအစဉ်ရဲ့ နောက်ကွယ်မှာ ထူးခြားတဲ့ရည်ရွယ်ချက် ရှိရမယ်လို့ စဉ်းစားမိပါတယ်။ ဒါကြောင့် အကိုတွေလို ဝတ်ကျေတန်းကျေ တစ်ကြိမ်တစ်ခေါက်မျှသာ မကပဲ ရာသီတိုင်းမှာ

ပေါက်ပင်ဆိုတာ ဘယ်လိုသဘောရှိတယ်ဆိုတာကို စုံစမ်းထားပါတယ်။ ဒီတော့လဲ ရာသီအလိုက် လုံးဝပြောင်းလဲတတ်တဲ့ ပေါက်ပင်ရဲ့ သဘောသဘာဝကို သူကတွေ့ရှိ မှတ်သားထားလိုက်ပါတယ်။

တစ်နှစ်ပြည့်လို့ ဖခင်ကြီးကို ပေါက်ပင်အကြောင်း ပြန်သံတော်ဦးတင်တဲ့အခါမှာတော့ သားတော်ကြီးကလည်း သူမြင်ခဲ့၊မှတ်သားခဲ့တဲ့အတိုင်း ပေါက်ပင်ဆိုတာ သစ်ခြောက်ပင်ကိုခေါ်တာ။ သားလတ်ကလည်း အရွက်စိမ်းစိမ်းဖားလျား၊နို့ညှာသားက ပတ္တမြားရည်သွေးစသဖြင့် သူတို့မြင်သလောက်ကိုပဲ ပြန်လည်လျှောက်ထားပါတယ်။ သားငယ်ကတော့ စေ့စေ့စပ်စပ် စုံစမ်းထားသူမို့ ပေါက်ပင်ရဲ့ သဘောသဘာဝကို စုံစုံလင်လင် ပြန်ပြောပြနိုင်ပါတယ်။ ဒီတော့လည်း နောက်ဆုံးမှာ သူက ရှင်ဘုရင်ဖြစ်သွားတာပေါ့။

ထီးနန်းဆက်ခံမယ့် သူတစ်ယောက်အကြောင်းကို ပေါက်တစ်ပင်အကြောင်း စုံစမ်းခိုင်းရုံနဲ့ မှန်ကန်နိုင်ပါ့မလားလို့ စောဒကတတက်ဖို့လိုမယ် မဟုတ်ပါဘူး။ ဒီဇာတ်လေးမှာ ပြောချင်တာက ခေါင်းဆောင်တာဝန်ယူမယ့် သူတစ်ဦးဟာ ပေါ့ပေါ့တန်တန် မဖြစ်သင့်ဘူး။ ကိုယ့်အမြင်လေးတစ်ခုကိုသာ အခြေခံပြီး တစ်ခုခုကို ဆုံးဖြတ်လိုက်မယ်ဆိုလျှင် မှန်ကန်တဲ့အဖြေ မဟုတ်နိုင်ဘူးဆိုတာကို ပြောချင်တာပါ။

ရိုးဆမ္မတီးကို ကိုယ်အလျင် အခေါက်တွေကရောက်တော့ ခုလို စနိုးတွေနဲ့ လှပလွန်းနိုင်တဲ့ တောတောင်တွေကို မတွေ့ရတော့ ကိုယ့်စိတ်ထဲမှာ ရိုဆမ္မတီဆိုတာ ထင်သလောက် စိတ်ဝင်စားဖွယ် မဟုတ်ပါဘူး။ အသက် ဝင်တဲ့တောတစ်တော မဟုတ်ခဲ့ဘူး။ ခုတော့ သက်ဝင်လှုပ်ရှားပြီး တောတစ်ခုရဲ့ အင်္ဂါရပ်တွေနဲ့ ညီညွတ်လွန်းလှတဲ့ တောတတောကို မြင်ခွင့်ရလိုက်ပြီ။ ရိုဆမ္မတီးကနေ ပြောပြနေတဲ့ တောအလှရသကိုလည်း အပြည့်အဝ ခံစားနိုင်ခွင့်ရခဲ့ပြီ။ ရိုဆမ္မတီဥယျာဉ်အတွင်းမှာ ကြည့်ခဲ့ရတဲ့ ရိုဆမ္မတီ သမိုင်းနောက်ခံ ရုပ်ရှင်ဇာတ်လမ်းလေးထဲ မှာ ပြောပြသွားသလိုပါပဲ။



တကယ်လို့ ရိုဆမ္မတီဥယျာဉ်တွင်းမှာ သင်တစ်ယောက်ထဲ တိတ်တိတ်လေး လမ်းလျှောက်ကြည့်မယ်ဆိုရင် ရိုဆမ္မတီကနေ ပြောပြနေတဲ့ နက်ရှိုင်းလေးနက်တဲ့ အသံကို သင်ကိုယ်တိုင် ကြားရလိမ့်မယ်၊ ရိုဆမ္မတီရဲ့ တောင်တွေကနေ ထွက်လာတဲ့ ပဲ့တင်သံ၊ ရေတံခွန်တွေကလေ ပြောပြတဲ့ ရိုးဆမ္မတီးရဲ့ ရှည်လျားတဲ့သမိုင်း။ မြင့်မားခိုင်မာလှတဲ့ သစ်ပင်ကြီးတွေကနေ နှုတ်ခွန်းဆက်တဲ့ စကားသံ။ရိုဆမ္မတီးဥယျာဉ်တွင်းမှာရှိတဲ့ တောရိုင်းသတ္တဝါလေးတွေရဲ့ ရင်ခုန်သံကို သင်ကြားနိုင်မှာပါ။ ဘဝဖြစ်စဉ်တစ်ခုမှာ အတိုအရှည်ကွဲပြားမှုသဘောကို ပြောပြနေတဲ့ ထင်းရှူးမျိုးဝင် (Square tree) သစ်ပင်ကြီးတွေရဲ့ နှစ်ပေါင်းထောင်ရှည်ကြာ သက်တမ်းရှည်မှုနဲ့ လိပ်ပြာလေးတွေ၊ သူ့ရာသီအချိန်မှာသာ ပွင့်တတ်တဲ့ ရာသီပန်းပွင့်လေးတွေရဲ့ သက်တမ်းကို နှိုင်းယှဉ်ပြီး ဘဝတစ်ခု အကြောင်းကို စဉ်းစားပြီး သံဝေဂဉာဏ် ထင်ကောင်းလည်း ထင်နိုင်မှာပါ။ သင့်မှာသာ တကယ်ခံစားတတ်တဲ့ နှလုံးသားနားတစ်စုံ ကောင်းကောင်းရှိတယ်ဆိုလျှင်ဖြင့် ရိုဆမ္မတီရဲ့ လွမ်းမောလှပတဲ့ ဝိဉာဉ်တောင်ပံခတ်သံကိုလည်း သင်ကောင်းကောင်း ကြားရမှာပါ။ ရိုဆမ္မတီးရဲ့ ဒီဝိဉာဉ်ခတ်သံဟာ သင်ကြားနေကြ အသံတွေနဲ့တော့ တူနိုင်မယ် မဟုတ်ပေဘူးပေါ့။

ခင်မင်သူမို့ အမှတ်တရ စကားလေးတစ်ခွန်းတော့ အမြဲသတိရနေစေဖို့ သင့်ကိုပြောပြချင်ပါတယ်။ တကယ်လို့ သင်ကတစ်ခေါက်ထဲရောက်ပြီး ရောက်တဲ့တစ်ခေါက်မှာ သင်မြင်ရတဲ့ အမြင်မျှလောက်နဲ့ ရိုဆမ္မတီဆိုတာ ဒါပါပဲလို့ ကောက်ချက်ချလိုက်မယ်ဆိုရင်။ ပေါက်ပင်ဆိုတာ မီးလောင်ထားတဲ့ သစ်ခြောက်ပင်ကြီးပါလို့ ဆိုလိုက်သ

လိုမျိုး ဖြစ်သွားမှာ စိုးပါတယ်။ ဒါမှမဟုတ်လည်း တစ်ပင်လုံးနီရဲအောင်ပွင့်နေတဲ့ အပင်။ တစ်ပင်လုံး အစိမ်းရောင်လွှမ်းနေတဲ့ အပင်ရယ်လို့ မပြည့်ဝတဲ့ အမြင်ရှိသူမျိုး မဖြစ်စေချင်ပါဘူး။ အဖြေမှန် အရှိအမှန်နဲ့ သင့်ကို ဝေးမသွားစေချင်ပါဘူး။

ဘာပဲဖြစ်ဖြစ်ပါ။ ဘက်ပေါင်းစုံကနေ ရှုမြင်သုံးသပ်ပြီး ပြည့်ဝတဲ့ အဖြေတစ်ခု၊ မှန်ကန်တဲ့အဖြေတစ်ခုရအောင် ထုတ်သွားနိုင်မယ်ဆိုလျင်ဖြင့် သားတော်အငယ်လေးလို ထီးနန်းမရလျင်တောင် သဘာဝကပေးထားတဲ့ အလှတရားတစ်ခုကိုတော့ ပြည့်ပြည့်ဝဝ ခံစားတတ်သူဖြစ်နိုင်မှာပါ။ နောက်ပြီးလည်း တောတောင်ရေမြေ သဘာဝ အလှတရားတွေကို ခံစားတတ်သူ၊ တောတောင်တွေရဲ့ တန်ဖိုး(ငွေကြေးတန်ဖိုးမဟုတ်) ကို နားလည်သူ။ ဒီကမှ တဆင့် ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ရှိသူတစ်ယောက် ဖြစ်လာမှာပါ။ နေပျော်စရာကမ္ဘာမှာ အနေတော်အောင် နေတတ်သူတွေ များလာပါမှ ကမ္ဘာကြီးကလည်း ပိုမိုရှည်ကြာစွာ လှပနိုင်မယ် မဟုတ်လား။



